အကြင်သူ၌ ဇနီးနှစ်ဦးရှိပြီး ၎င်းသည် (သူ၏ မျှတမှုသည်) တစ်ဦးတည်းဘက်သို့ ယိမ်းညွှတ်သွားပါက ကိယာမသ်နေ့တွင်ကိုယ်ခန္ဓာတစ်ခြမ်း စောင်းနေသောအခြေအနေဖြင့်

ရောက်ရှိလာလိမ့်မည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "အကြင်သူ၌ ဇနီးနှစ်ဦးရှိပြီး
၎င်းသည် (သူ၏ မျှတမှုသည်) တစ်ဦးတည်းဘက်သို့ ယိမ်းညွှတ်သွားပါက ကိယာမသ်နေ့တွင်
ကိုယ်ခန္ဓာတစ်ခြမ်း စောင်းနေသောအခြေအနေဖြင့် ရောက်ရှိလာလိမ့်မည်။"
[صحيح] [رواه أبو داود والترمذي والنسائي وابن ماجه وأحمد]

နဗီတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားခဲ့သည်မှာ - မည်သူမဆိုတစ်ဦးထက်ပိုသော ဇနီးများရှိပြီး ၎င်းတို့အကြား ငွေကြေးသုံးစွဲမှု၊ နေအိမ်၊အဝတ်အစားနှင့် ညအတူနေထိုင်ခြင်းစသည့် လက်တွေ့ကျသော ကိစ္စရပ်များတွင်ဖြစ်နိုင်သမျှတရားမျှတမှုကို မဆောင်ရွက်ပါက ကိယာမသ်နေ့တွင်၎င်း၏ကိုယ်ခန္ဓာတစ်ခြမ်းမှာ စောင်းနေမည်ဖြစ်ပြီး၊ ဤသည်မှာ လောကီဘဝ၌ (ဇနီးများကြားဆက်ဆံရာတွင်) မညီမျှမှုပြုခဲ့သည့် အတွက် အပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/58125